# People's Defence Force (Kalay)

---

အမှတ် (၄/၂၀၂၂)

## အထူးသတိပေးခြင်း

ဇန်နဝါရီလ ၂၅ ရက်၊ ၂၀၂၂ ခုနှစ်

ကလေးမြို့နယ်အတွင်းရှိ လျှပ်စစ်ရုံး၊ စည်ပင်သာယာရေးရုံး၊ အခွန်ရုံး၊ အထွေထွေအုပ်ချုပ်ရေးရုံးများနှင့် နိုင်ငံတော်ပိုင်ဘဏ်များအပါအဝင် အကြမ်းဖက်စစ်ကောင်စီ၏ ဖိနှိပ်ရေးယန္တယားတွင် ပါဝင်အလုပ်အကျွေးပြုနေကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ အားလုံးအနေဖြင့် မိမိတို့မြို့နယ်ပြည်သူလူထုအပေါ် အခွန်အခများ အဓမ္မကောက်ခံခြင်း၊ ယခင်တရားဝင်အစိုးရလက်ထက်၌ ထုတ်ပေးခဲ့သော ချေးငွေများကို အတင်းအကျပ် ပြန်လည်ပေးသွင်းရန် ဖိအားပေးခြင်း၊ လုပ်ငန်းလိုင်စင်နှင့် တင်ဒါခေါ်ယူခြင်းများကို ရပ်တန်းကရပ်ရန် ပြင်းပြင်းထန်ထန် သတိပေးလိုက်သည်။

ယခုသတိပေးစာပါနေ့ရက်မှ နောက်ပိုင်းအချိန်ထိ အာဏာလုအကြမ်းဖက်စစ်ကောင်စီအား ဝင်ငွေရရှိစေရန် တနည်းနည်းဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နေပါက သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်သူများအားလုံးကို ပြင်းထန်စွာ အရေးယူတုံ့ပြန်သွားရန် အသင့်ပြင်ဆင်ထားပြီး ဖြစ်ကြောင်းကိုလည်း အထူးသတိပေးလိုက်သည်။